# လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာဥရောပသမဂ္ဂလမ်းညွှန်ချက်များ–အကာအကွယ်ပေးခြင်းသေချာစိုင်မာစေမှုများ

## ၁။ ရည်ရွယ်ချက်

၁။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အထောက်အပံ့ပေးခြင်းသည် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာပြင်ပဆက်ဆံရေးမူဝါဒက ကာလကြာရှည်စွာ တည်ဆောက်ထားခဲ့သောအရာ ဖြစ်သည်။ဤလမ်းညွှန်ချက်များ၏ ရည်ရွယ်ချက်မှာ ယင်းလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကိစ္စရပ်နှင့် စပ်လျဉ်း၍ အီးယူ၏ ဆောင်ရွက်ချက်ကို အားကောင်းစေခြင်းအကျိုးငှာ လက်တွေ့အကြံပြုချက်များကို ပေးရန် ဖြစ်သည်။ အဆင့်တိုင်း၌သော်လည်းကောင်း၊ ဘက်ပေါင်းစုံပါဝင်သော လူ့အခွင့်အရေးဖိုရမ်များ၌သော်လည်းကောင်း တတိယနိုင်ငံများနှင့် ထိစပ်ကြရာတွင်ဤလမ်းညွှန်ချက်များကို အသုံးပြုနိုင်သည်။ ယင်းသို့အသုံးပြုခြင်းသည်လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခွင့် လေးစားမှုကို တိုးပွားနိုးကြားစေနိုင်မည့် ဥရောပသမဂ္ဂ၏ ပြုဆဲအားထုတ်မှုများကို အားကောင်းစေရန်အလို့ငှာလည်းကောင်း၊ အထောက်အပံ့ပေးရန်အလို့ငှာလည်းကောင်း ဖြစ်သည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ အန္တရာယ်နှင့် တွေ့ကြုံရသောအခါ၌ဤလမ်းညွှန်ချက်များက ဥရောပသမဂ္ဂကို ဝင်ရောက်စွက်ဖက်မှု ပေးထားပြီး လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား အကူအညီအထောက်အပံ့ဖြစ်စေမည့် လက်တွေ့နည်းလမ်းများကိုလည်း အကြံပြုထားပါသည်။ ဤလမ်းညွှန်ချက်များ၏ အရေးကြီးသော အချက်မှာ လူ့အခွင့်အရေးဆိုင်ရာကုလသမဂ္ဂကော်မရှင်၏ အထူးလုပ်ထုံးလုပ်နည်းများအတွက် အထောက်အပံ့ပေးမှုပင် ဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာကုလသမဂ္ဂကော်မရှင်ဟုဆိုရာဝယ် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာကုလသမဂ္ဂအထူးကိုယ်စားလှယ်နှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အကာအကွယ်ပေးနေကြသည့် သင့်လျော်ရာဒေသဆိုင်ရာယန္တရားများလည်း ပါဝင်သည်။ဤလမ်းညွှန်ချက်များက အီးယူမစ်ရှင်များ(အီးယူအဖွဲ့ဝင်နိုင်ငံများ၏ ကောင်စစ်ဝန်ရုံးများနှင့် သံရုံးများ၊ ဥရောပကော်မရှင်ကိုယ်စားလှယ်များ)ကို ၎င်းတို့ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို ချဉ်းကပ်ကြရာ၌ အကူအညီပေးပါလိမ့်မည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် စပ်လျဉ်း၍ အထူးတလည် စိုးရိမ်မှုများကို ဖော်ပြပေးခြင်းသည် ၎င်းတို့၏ အဓိကရည်ရွယ်ချက် ဖြစ်သည်။ ထို့အတူ ဤလမ်းညွှန်ချက်များကလည်း ယေဘုယျအားဖြင့် အီးယူ၏ လူ့အခွင့်အရေးမူဝါဒကို ကျားကန်ထောက်ကူပြုပေးထားပါသည်။

## ၂။ အဓိပ္ပာယ်ဖွင့်ဆိုချက်

၂။ ဤလမ်းညွှန်ချက်များအတွက် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ရည်ရွယ်ချက်ရှိပါသည်။ယင်းရည်ရွယ်ချက်အလို့ငှာ "တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားသော လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုခြင်းများကို ပြုလုပ်ကြရမည့် လူ့အဖွဲ့အစည်းတွင် ရှိနေကြသော တစ်ဦးချင်းပုဂ္ဂိုလ်များ၊ အုပ်စုများ၊ အစိတ်အပိုင်းများ၏ အခွင့်အရေးနှင့် တာဝန်ယူမှုဆိုင်ရာကုလသမဂ္ဂကြေညာချက်ရှိ" အဓိကစာပိုဒ် ၁ က အောက်ပါအတိုင်း ဖော်ပြထားသည်(နောက်ဆက်တွဲ ၁ တွင် ရှုပါ)။ ၎င်းစာပိုဒ်တွင် "နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာအဆင့်များ၌ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို နားလည်းသဘောပေါက်ခြင်း၊ အကာအကွယ်ပေးခြင်းများအတွက် ကြိုးစားခွင့်၊ တိုးတက်စေခွင့်များသည် တစ်ဦးချင်းစီတွင်သော်လည်းကောင်း၊ အများနှင့် စုပေါင်း၍သော်လည်းကောင်း လူတိုင်းလူတိုင်းတွင် ရှိသည်"ဟု ဖော်ပြထားသည်။

၃။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုသည်မှာ တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားသော လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကိုအကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုခြင်းများကို ပြုလုပ်နေကြသည့် လူ့အဖွဲ့အစည်းတွင် ရှိနေသော တစ်ဦးချင်းပုဂ္ဂိုလ်များ၊ အုပ်စုများနှင့် အစိတ်အပိုင်းများကို ဆိုလိုသည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများသည်နိုင်ငံသားအခွင့်အရေးများနှင့် နိုင်ငံရေးအခွင့်အရေးများကို အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုခြင်းတို့ဖြင့် ကြိုးပမ်းပေးကြသည်။ ထို့အတူ ၎င်းတို့သည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများကိုလည်း နားလည်သဘောပေါက်အောင်ပြုခြင်း၊ အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုခြင်းတို့ဖြင့် ကြိုးပမ်းပေးကြသည်။လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများသည် ဒေသခံလူမှုအသိုင်းအဝိုင်းများကဲ့သို့သော အုပ်စုဝင်များ၏ အခွင့်အရေးများကိုလည်း အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုခြင်းများ ဆောင်ရွက်ကြသည်။ဤအဓိပ္ပာယ်ဖွင့်ဆိုချက်၌ တစ်ဦးချင်းပုဂ္ဂိုလ်များဟုဆိုရာတွင်လည်းကောင်း၊ အုပ်စုများဟုဆိုရာတွင်လည်းကောင်းအကြမ်းဖက်မှုကို ဖြန့်ဖြူးကျူးလွန်ကြသော တစ်ဦးချင်းပုဂ္ဂိုလ်များနှင့် အုပ်စုများ အကျုံးမဝင်စေရ။

# ၃။ နိဒါန်း

၄။ တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားသော လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုခြင်းများကို ဆောင်ရွက်နေကြသည့် လူ့အဖွဲ့အစည်းတွင် ရှိနေကြသော တစ်ဦးချင်းပုဂ္ဂိုလ်များ၊ အုပ်စုများနဲ့ အစိတ်အပိုင်းများ၏ အခွင့်အရေးနှင့် တာဝန်ယူမှုဆိုင်ရာကြေညာချက်တွင် ပါဝင်သော အခြေခံမူများကို အီးယူက အထောက်အပံ့ပေးပါသည်။လူ့အခွင့်အရေးကို အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုခြင်းများ ဆောင်ရွက်ကြရာတွင် အဓိကတာဝန်ယူမှုသည် နိုင်ငံများအပေါ်၌ တည်နေသည်။ သို့သော်လည်း လူ့အခွင့်အရေးအကြောင်းတရားများကို အကျိုးပြုထောက်ပံ့ရာတွင် လူ့အဖွဲ့အစည်းရှိ တစ်ဦးချင်းပုဂ္ဂိုလ်များ၊ အုပ်စုများနှင့် အစိတ်အပိုင်းများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေကြသည်ဟု အီးယူက အသိအမှတ်ပြုသည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ ဆောင်ရွက်ချက်များတွင် အောက်ပါအကြောင်းအရာများ ပါဝင်သည်။

– ချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်း။

– ဥပဒေဆိုင်ရာအထောက်အပံ့၊စိတ်ပိုင်းဆိုင်ရာအထောက်အပံ့၊ ဆေးဘက်ဆိုင်ရာအထောက်အပံ့၊ တခြားအထောက်အပံ့သတ်မှတ်ချက်များဖြင့် ချိုးဖောက်ခြင်းခံရသော ဓားစာခံသားကောင်များအား ကုစားမှုရှာဖွေပေးခြင်း။

– လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို စနစ်တကျ အကြိမ်ကြိမ် ဖောက်ဖျက်နေသော်လည်း ဖုံးကွယ်ထားသည့် အပြစ်မပေးအရေးမယူမှုယဉ်ကျေးမှုများကို တိုက်ဖျက်ခြင်း။

၅။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ လုပ်ငန်းများသည် အစိုးရ၏ မူဝါဒများနှင့် ဆောင်ရွက်ချက်များကို ဝေဖန်မှုပြုခြင်းများ၌ ရံခါ ပါဝင်ပတ်သက်တတ်သည်။ သို့ရာတွင် အစိုးရများသည် ဤသို့ဝေဖန်ခြင်းများကို အပြုသဘောမဆောင်သော လုပ်ရပ်ဟု မမြင်ရ။ အစိုးရ၏မူဝါဒများနှင့် ဆောင်ရွက်ချက်များအပေါ် လွတ်လပ်စွာ စကားစစ်ထိုးခြင်း၊ လွတ်လပ်သော စိတ်အမြင်ဖြင့် ကြည့်ခြင်းများကို ခွင့်ပြုပေးထားခြင်းဟူသော မူသည် လူ့အခွင့်အရေးကို အကာအကွယ်ပေးရာတွင် ပိုမိုကောင်းမွန်သော အဆင့်တစ်ခုကို ထူထောင်ရာ၌ အခြေခံနည်းလမ်းတစ်ရပ် ဖြစ်သည်။ ယင်းမူသည် လူ့အခွင့်အရေးကို အကာအကွယ်ပေးရာတွင် ပိုမိုကောင်းမွန်သော အဆင့်တစ်ခုကို ထူထောင်ရာ၌ ပွဲတွေ့စမ်းသပ်ထားပြီးသော နည်းလမ်းတစ်ရပ်လည်း ဖြစ်သည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများသည် လူ့အခွင့်အရေးကို အကာအကွယ်ပေးခြင်း၊တိုးတက်အောင်ပြုခြင်းများ ဆောင်ရွက်ရာတွင် အစိုးရများကို အကူအညီပေးနိုင်သည်။ ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုဖြစ်စဉ်များ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် သင့်လျော်သော

လူ့အခွင့်အရေးဆိုင်ရာဥပဒေမူကြမ်းရေးဆွဲအားထုတ်ရာတွင်လည်းကောင်း၊ လူ့အခွင့်အရေးဆိုင်ရာနိုင်ငံတော်အဆင့်အစီအစဉ်များနှင့် မဟာဗျူဟာများကို ချမှတ်ရေးဆွဲပြုစုအားထုတ်ရာတွင်လည်းကောင်းငင်းလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်သည်။ဤသို့သောကဏ္ဍကိုလည်း အသိအမှတ်ပြု၊ အထောက်အပံ့ပေးပါသည်။

၆။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ ဆောင်ရွက်ချက်များသည် အသိအမှတ်ပြုထားကြသော နှစ်ကာလများထက်ပင် ပိုပါသည်ဟု အီးယူက ဝန်ခံအသိအမှတ်ပြုသည်။ငင်းလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများသည်ချိုးဖောက်ခြင်းခံရသော ဓားစာခံသားကောင်များကို ပိုမိုအကာအကွယ်ပေးရာတွင် သေချာခိုင်မာစေရန်အလို့ငှာ တိုး၍ ဆောင်ရွက်ခဲ့ကြသည်။ သို့ရာတွင် ဤတိုးတက်မှုကို တန်ဖိုးကြီးကြီးပေး၍ ရခဲ့ခြင်းသာ ဖြစ်သည်။ဤလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကိုယ်၌ကပင်လျှင် နိုင်ငံပေါင်းများစွာတွင် တိုက်ခိုက်ခံရသော ပစ်မှတ်များ တိုး၍ ဖြစ်လာနေကြပြီး ငင်းတို့၏ အခွင့်အရေးများသည်လည်း ချိုးဖောက်ခံနေရလေသည်။လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးခြင်း၊ ငင်းတို့၏ ဘေးအန္တရာယ်ကင်းမှုကို သေချာခိုင်မာစေခြင်းများသည် အရေးကြီးသည်ဟု အီးယူက ယုံကြည်သည်။ သို့ဖြစ်၍ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ ကိစ္စရပ်ကို ချဉ်းကပ်ကြရာတွင် ကျားမအမြင်ကို အသုံးပြုခြင်းသည် အရေးပါအရာရောက်ပါသည်။

# ၄။ လုပ်ငန်းလည်ပတ်မှုဆိုင်ရာလမ်းညွှန်ချက်များ

၇။ လမ်းညွှန်ချက်များ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာအပိုင်းဟူသည် ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒအဆက်အစပ်အတွင်းမှ နေ၍ တတိယနိုင်ငံများတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုခြင်းများ ဆောင်ရွက်နိုင်ရန် ရေရှည်သော ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ခွဲခြားသတ်မှတ်ခြင်းဟု ဆိုလိုသည်။

## စောင့်ကြည့်စစ်ဆေးခြင်း၊အစီရင်ခံခြင်းနှင့် အကဲဖြတ်ခြင်း

၈။ အီးယူမစ်ရှင်အကြီးအကဲများသည်၎င်းတို့တာဝန်ကျရာတိုင်းပြည်များရှိ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်အစီရင်ခံရမည်ဟု သတ်မှတ်ထားချက်ရှိသည်။ လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းကောင်စီအဖွဲ့(ကိုဟုမ်း-COHOM)က ဤလူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းဆောင်တာများကို လွယ်ကူချောမောစေခြင်းအကျိုးငှာ အကျဉ်းချုပ်အချက်အလက်စာလွှာကို များမကြာမီက အတည်ပြုထားသည်။ ဤအချက်အလက်စာလွှာများနှင့်အညီ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်းများ အထူးသဖြင့် ဖြစ်ပေါ်နေပါက အီးယူမစ်ရှင်သည်၎င်းတို့၏ အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြမှတ်ချက်ပေးလျှက် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ အခြေအနေများကို ဖော်ပြကြရသည်။ဤစကားစပ်အရလုပ်ငန်းဆောင်တာများကို ဘေးအန္တရာယ်ကင်းစွာ တာဝန်ယူဆောင်ရွက်လျှက်ရှိကြသော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ စွမ်းဆောင်နိုင်မှုအပေါ်၌အင်စတီကျူးရှင်းမှုဘောင်များက ကြီးမားစွာ အကျိုးသက်ရောက်မှုရှိကြောင်းကို ဟုမ်းစ်-HoMsက သတိပြုမိပါသည်။ အကြမ်းဖက်မှု၊ ခြိမ်းခြောက်လက်တုံ့ပြန်မှု၊တရားဝင်သည်ဖြစ်စေ၊ တရားမဝင်သည်ဖြစ်စေ ဆိုးဆိုးရွားရွား ခွဲခြားဆက်ဆံမှု၊ဖိအားပေးမှု၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာကုလသမဂ္ဂကြေညာချက်က ညွှန်ပြထားသော အခွင့်အရေးများကို တရားဝင်လက်ခံကျင့်သုံးမှု၏ အကျိုးဆက်အနေဖြင့် ထင်တိုင်းကြဲဆောင်ရွက်မှုများမှ ပြည်သူများကို အကာအကွယ်ပေးလျှက်ရှိသော နိုင်ငံများက တာဝန်ယူဆောင်ရွက်နေသည့်ဥပဒေပြုမှုအတိုင်းအတာ၊ တရားစီရင်မှုအတိုင်းအတာ၊ စီမံအုပ်ချုပ်မှုအတိုင်းအတာ၊ အခြားသင့်လျော်သော အတိုင်းအတာများကဲ့သို့သော ကိစ္စရပ်များအားလုံးသည် ဆိုခဲ့ပါစကားရပ်နှင့် ဆီလျော်ရမည်ဖြစ်သည်။ မည်သည့်နေရာက တောင်းဆိုလာသည်ဖြစ်စေ၊ ဖြစ်နိုင်ခြေရှိသော အီးယူဆောင်ရွက်ချက်များကို ပြုလုပ်နိုင်ရန်အလို့ငှာဟုမ်းစ်သည် ကိုဟုမ်းကို ထောက်ခံချက်ပေးရမည်။ဖြစ်နိုင်ခြေရှိသော အီးယူဆောင်ရွက်ချက်များတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပေါ် ခြိမ်းခြောက်မှုနှင့် တိုက်ခိုက်မှုများကို ပြစ်တင်ဝေဖန်ရှုတ်ချခြင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ အထူးအန္တရာယ်တွေ့ကြုံရာနေရာများ၌ အများပြည်သူသိနိုင်စေရန် ကြေညာချက်များထုတ်ပြန်ခြင်းနှင့် ထိုနေရာတွင် လူအများမစုဝေးဘဲနေခြင်းတို့ ပါဝင်သည်။ ဟုမ်းစ်က ၎င်းတို့၏ အစီရင်ခံစာများတွင် အီးယူ၏ ဆောင်ရွက်ချက်များ အကျိုးသက်ရောက်မှုရှိခြင်းနှင့် စပ်လျဉ်း၍လည်း ထည့်သွင်းအစီရင်ခံရမည်။

၉။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာအထွေထွေအတွင်းရေးမှူး၏ အထူးကိုယ်စားလှယ်၊ကုလသမဂ္ဂအထူးအစီရင်ခံစာတင်သွင်းသူ၊ကုလသမဂ္ဂသဘောတူစာချုပ်ပါအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ အစီရင်ခံစာများနှင့် ထောက်ခံမှုများသည်ဟုမ်းစ်၏ အစီရင်ခံစာများနှင့် အခြားသက်ဆိုင်ရာသတင်းအချက်အလက်များ ဖြစ်ကြသည်။ ယင်းအစီရင်ခံစာများနှင့် သတင်းအချက်အလက်များက ကိုဟုမ်းနှင့် အခြားသောသက်ဆိုင်ရာလုပ်ငန်းအဖွဲ့များကို အီးယူဆောင်ရွက်ချက်များ တောင်းဆိုရာနေရာများ၌လည်းကောင်း၊ ယူထားသော ဆောင်ရွက်ချက်များ ဆုံးဖြတ်ရာနေရာများ၌လည်းကောင်း အခြေအနေများ သတ်မှတ်ခွဲခြားရာတွင် အကူအညီဖြစ်စေပါလိမ့်မည်။ပီအက်စီ၊ ကောင်စီများအား ယင်းဆုံးဖြတ်ချက်များအတွက် ထောက်ခံချက်ပေးရာသင့်လျော်ရာနေရာများ၌လည်း အခြေအနေများကို သတ်မှတ်ခွဲခြားရာတွင် အကူအညီဖြစ်စေပါလိမ့်မည်။

## လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အကာအကွယ်ပေးအထောက်အပံ့ပြုလျှက်ရှိသော အီးယူမစ်ရှင်များ၏ အခန်းကဏ္ဍ

၁၀။ တတိယနိုင်ငံပေါင်းများစွာတွင် အီးယူမစ်ရှင်များ(အီးယူအဖွဲ့ဝင်နိုင်ငံများ၏ သံရုံးများနှင့် ဥရောပကော်မရှင်ကိုယ်စားလှယ်အဖွဲ့များ)သည် လူ့အခွင့်အရေးနယ်ပယ်၌ဥရောပသမဂ္ဂ၊၎င်းဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအကြားဝယ် အဓိကဆက်သွယ်ပေးထားသောအရာဖြစ်သည်။ ထို့ကြောင့်ထိုအီးယူမစ်ရှင်များသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများသို့ ရှေရှုသော အီးယူမူဝါဒများကို လက်တွေ့ကျင့်သုံးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ သို့ဖြစ်၍ အီးယူမစ်ရှင်များသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများသို့ ရှေရှုသောတင်ကြိုဆောင်ရွက်မှုမူဝါဒတစ်ရပ်ကို သဘောတူလက်ခံရန်အလို့ငှာ ကြိုးပမ်းရပါမည်။ တစ်ချိန်တည်း၌ပင် အချို့သောဖြစ်ရပ်များတွင် အီးယူဆောင်ရွက်ချက်များသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပေါ် ခြိမ်းခြောက်ခြင်း၊ တိုက်ခိုက်ခြင်းများဖြစ်ပေါ်စေနိုင်ကြောင်းကိုလည်းထိုအီးယူမစ်ရှင်များက သတိပြုသင့်သည်။ ထို့ကြောင့် ထိုအီးယူမစ်ရှင်များသည်သင့်လျော်လျောက်ပတ်ရာတွင် ဆင်ခြင်စဉ်းစားစရာဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ အီးယူမစ်ရှင်များက ဆောင်ရွက်နိုင်သော အတိုင်းအတာများတွင် အောက်ပါတို့ ပါဝင်သည်။

–လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ အန္တရာယ်ကျရောက်ခြင်းများအပါအဝင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် စပ်လျဉ်းသော သတင်းအချက်အလက်များကို မျှဝေခြင်း၊ အနီးကပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း။

–လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် သင့်လျော်သော ထိတွေ့ဆက်ဆံခြင်းများကို ဆက်လက်ထိန်းသိမ်းထားရှိခြင်း။ ဤအချက်နှင့် စပ်လျဉ်း၍မစ်ရှင်များတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို လက်ခံခြင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ အလုပ်လုပ်ရာနေရာများသို့ သွားရောက်လည်ပတ်ခြင်း၊ အထူးဆက်ဆံရေးအရာရှိများ ခန့်အပ်တာဝန်ပေးနိုင်ရန်အလို့ငှာ စဉ်းစားဆင်ခြင်နိုင်ခြင်း၊ဤသို့ရည်ရွယ်၍လိုအပ်ရာတွင် အခြေခံဝန်များကို မျှဝေခြင်းများ ပါဝင်သည်။

– သင့်လျော်ရာတွင် သင့်လျော်သကဲ့သို့ သင့်လျော်ရာအများပြည်သူသိအောင်ပြုခြင်း၊ သွားရောက်လည်ပတ်ခြင်း၊ဖိတ်မန္တကပြုခြင်းများဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို သိသာထင်ရှားသော အသိအမှတ်ပြုမှုများ ပြုလုပ်ပေးခြင်း။

– သင့်လျော်ရာတွင်လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား တရားရုံးများတွင် စစ်ဆေးစီရင်ရာများသို့ တက်ရောက်ခြင်း၊စောင့်ကြည့်အကဲခတ်ခြင်း။

## တတိယနိုင်ငံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ဘက်ပေါင်းစုံဖိုရမ်များတွင်လည်းကောင်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား လေးစားမှုကို တိုးတက်အောင်ပြုလုပ်ပေးခြင်း

၁၁။ အီးယူ၏ ရည်ရွယ်ချက်မှာနိုင်ငံမဟုတ်သော ဇာတ်ဆောင်များ၏ တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့မှ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား အကာအကွယ်ပေးရမည့် တတိယနိုင်ငံများက တာဝန်ဝတ္တရားများကို ရှက်ဆောင်စေခြင်းအကျိုးအလို့ငှာ ၎င်းတတိယနိုင်ငံများအပေါ် ဩဇာလွှမ်းမိုးရန် ဖြစ်သည်။ ထို့အပြင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ အခွင့်အရေးများကို လေးစားရမည့် ယင်းတတိယနိုင်ငံများက တာဝန်ဝတ္တရားများကိုရှက်ဆောင်စေခြင်းအကျိုးအလို့ငှာ ၎င်းတတိယနိုင်ငံများအပေါ် ဩဇာလွှမ်းမိုးရန်လည်း ဖြစ်သည်။ တတိယနိုင်ငံများနှင့် ဆက်ဆံထိတွေ့ရာတွင် လိုအပ်သည်ဟု ယူဆပါက နိုင်ငံအားလုံးသည် အထူးသဖြင့် ကုလသမဂ္ဂကြေညာချက်ကဲ့သို့သော သက်ဆိုင်ရာနိုင်ငံတကာနှုန်းစံများနှင့် အဆင့်အတန်းများကို လေးစားလိုက်နာစောင့်ထိန်းဖို့ လိုအပ်ကြောင်း အီးယူက ဖော်ပြရမည်။ယင်းယေဘုယျရည်မှန်းချက်သည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ရာပတ်ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရန်အတွက် ဖြစ်သည်။အီးယူသည် ၎င်း၏ ရည်မှန်းချက်များကို ခွဲခြား၍မရသော အီးယူလူ့အခွင့်အရေးမူဝါဒအစိတ်အပိုင်းတစ်ရပ်အနေဖြင့်သတ်မှတ်စေရမည်။လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား အကာအကွယ်ပေးမှုနှင့် ချိတ်ဆက်ထားခြင်းမှာ အရေးကြီးကြောင်း အီးယူက အလေးအနက်မှတ်ယူထားပါသည်။ဤရည်မှန်းချက်များကို အထောက်အပံ့ပေးခြင်းဆောင်ရွက်မှုများတွင် အောက်ပါအကြောင်းအရာများ ပါဝင်ပါသည်။

– စီအက်ဖ်အက်စ်ပီ၏ ဥက္ကဋ္ဌရာထူးရယူထားသူ၊ သို့မဟုတ်အဆင့်မြင့်ကိုယ်စားလှယ်သည်သော်လည်းကောင်း၊ အီးယူအထူးကိုယ်စားလှယ်များနှင့် သံတမန်များသည်သော်လည်းကောင်း၊ ဥရောပကော်မရှင်သည်သော်လည်းကောင်း နိုင်ငံများသို့ သွားရောက်လည်ပတ်ခြင်းများကို ပြုလုပ်ရမည်။ ယင်းသို့သွားရောက်လည်ပတ်ကြရာတွင်တတိယနိုင်ငံများသို့ ၎င်းပုဂ္ဂိုလ်များ သွားရောက်လည်ပတ်ခြင်းနှင့်ခွဲခြား၍ မရနိုင်သော အစိတ်အပိုင်းတစ်ရပ်အနေဖြင့် သင့်လျော်ရာ၌လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ တစ်ဦးချင်းပုဂ္ဂလိကကိစ္စရပ်များကို မေးမြန်းခြင်းများ အကျုံးဝင်သည်။

– အီးယူ၊ တတိယနိုင်ငံများနှင့် ဒေသတွင်းအဖွဲ့အစည်းများအကြားရှိ နိုင်ငံရေးအရဆွေးနွေးပြောဆိုမှုများ၏ လူ့အခွင့်အရေးကဏ္ဍအစိတ်အပိုင်းများတွင် သက်ဆိုင်ရာ၌ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ အခြေအနေများ ပါဝင်ရမည်။ အီးယူသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် ၎င်းတို့၏ လုပ်ငန်းများအား အထောက်အပံ့ပေးမှုကို ဦးစားပေးပြောဆိုရမည်။ ထို့အပြင် လိုအပ်ရာမည်သည့်အခါ၌မဆို တစ်ဦးချင်းပုဂ္ဂိုလ်အပေါ် ပူပန်စရာကိစ္စရပ်များကိုလည်း မေးမြန်းစုံစမ်းကြရမည်။

– ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်နှင့် ကုလသမဂ္ဂအထွေထွေညီလာခံများတွင်အလားတူအမြင်များကို သိသာထင်ရှားစွာ စိတ်ဝင်စားသော နိုင်ငံများလည်း ရှိပါသည်။ ထိုနိုင်ငံများကဲ့သို့သော အခြားသူများနှင့် နီးနီးကပ်ကပ် အတူတကွ လုပ်ဆောင်ခြင်း။

– လူ့အခွင့်အရေးနှင့် ပြည်သူများအခွင့်အရေးဆိုင်ရာအာဖရိကကော်မရှင်ဟူသည်ရှိသည်။ လူ့အခွင့်အရေးဆိုင်ရာအမေရိကတိုက်ကော်မရှင်အတွင်းရှိအထူးလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများယူနစ်ဟူသည်လည်း ရှိသည်။ ယင်းတို့၏ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာဆုံချက်ကဲ့သို့သော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအကာအကွယ်ပေးရေးဒေသတွင်းယန္တရားများတည်ရှိမှုကို အားကောင်းတိုးတက်အောင် ပြုလုပ်ပေးခြင်း။ ထို့အပြင် ထိုကဲ့သို့သောအဖွဲ့အစည်းများ မရှိခဲ့လျှင်လည်း ဒေသတွင်းများတွင် သင့်လျော်သော ယန္တရားများကို ဖန်တီးခြင်း။

## လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာအထူးကိုယ်စားလှယ်အပါအဝင် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်၏ အထူးလုပ်ထုံးလုပ်နည်းများကို အထောက်အပံ့ပေးခြင်း

၁၂။ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်၏ အထူးလုပ်ထုံးလုပ်နည်းများ(အထူးအစီရင်ခံသူများ၊ အထူးကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလကျွမ်းကျင်သူများနှင့် လုပ်ငန်းအုပ်စုများ)သည် ၎င်းတို့၏ လွတ်လပ်မှုနှင့် ဘက်မလိုက်မှုများကြောင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အကာအကွယ်ပေးကြမည့် နိုင်ငံတကာကြိုးပမ်းအားထုတ်မှုများတွင် မရှိမဖြစ် အရေးကြီးပါသည်။၎င်းတို့သည် နိုင်ငံများသို့ သွားရောက်လည်ပတ်ခြင်း၊ကမ္ဘာတစ်ဝန်းရှိ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပေါ် အကြမ်းဖက်မှုများကို ထုတ်ဖော်ပြောဆိုခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို စွမ်းဆောင်နိုင်ကြသည်။ သို့ဖြစ်၍လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာအထူးကိုယ်စားလှယ်သည်အရေးကြီးသော ကဏ္ဍမှ ပါဝင်နေရသည်။ အခြားသော အထူးလုပ်ထုံးလုပ်နည်းများဆိုင်ရာလုပ်ပိုင်ခွင့်များသည်လည်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် သက်ဆိုင်မှုရှိနေရပါသည်။ဤအထူးလုပ်ထုံးလုပ်နည်းများကို အထောက်အပံ့ပေးရာ အီးယူဆောင်ရွက်ချက်များတွင် အောက်ပါအကြောင်းအရာများ ပါဝင်သည်။

– နိုင်ငံများသို့ သွားရောက်လည်ပတ်ခြင်းသည် ကုလသမဂ္ဂအထူးလုပ်ထုံးလုပ်နည်းများက မေတ္တာရပ်ခံအပ်သော မူကိစ္စရပ်တစ်ခုအနေဖြင့် နိုင်ငံများကို တိုက်တွန်းအားပေးမှုပြုခြင်း။

– အီးယူမစ်ရှင်များ၊ အီးယူသြဇာခံယန္တရားများကို အသုံးပြုခြင်း၊ သတင်းအချက်အလက်လဲလှယ်ခြင်းများမှတစ်ဆင့် တိုးတက်အောင် ပြုလုပ်ခြင်း။အီးယူသြဇာခံယန္တရားများကို အသုံးပြုခြင်းဟူသည် ဒေသန္တရလူ့အခွင့်အရေးအသိုင်းအဝိုင်းများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ အသုံးပြုခြင်းကို ဆိုလိုသည်။ဤတွင် ထိတွေ့ဆက်ဆံမှုတည်ဆောက်ခြင်းကို လွယ်ကူချောမောစေခြင်းများ အကျုံးဝင်သော်လည်း ကန့်သတ်မှုထားခြင်းများ မပါဝင်ပါ။ သတင်းအချက်အလက်လဲလှယ်ခြင်းဟူသည် ကုလသမဂ္ဂသြဇာခံယန္တရားများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအကြား သတင်းအချက်အလက်များ လဲလှယ်ခြင်းကို ဆိုသည်။

– ပြည့်စုံလုံလောက်သော အရင်းအမြစ်များ မရှိခြင်းကြောင့် ဤအထူးလုပ်ထုံးလုပ်နည်းများက ယင်းတို့၏ လုပ်ပိုင်ခွင့်များကို လုပ်ကိုင်ရွက်ဆောင်ရန် မတတ်နိုင်သည့်အခါများတွင် အီးယူအဖွဲ့ဝင်နိုင်ငံများက လူ့အခွင့်အရေးအဆင့်မြင့်ကော်မရှင်ရုံးသို့ အထွေထွေဘတ်ဂျက်ထဲမှ လုံလောက်သော ရန်ပုံငွေများကို ခွဲဝေထောက်ပံ့ပေးရမည်။

## ဖွံ့ဖြိုးတိုးတက်မှုမူဝါဒအပါအဝင်လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား လက်တွေ့အထောက်အပံ့များပေးခြင်း

၁၃။ ဥရောပကော်မတီနှင့် အဖွဲ့ဝင်နိုင်ငံများ၏ အစီအစဉ်များသည်ဒီမိုကရေစီဖြစ်စဉ်များနှင့် အင်စတီကျူးရှင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုများတွင် အကူအညီပေးရန်အလို့ငှာရည်ရွယ်ပါသည်။ ထို့အပြင်ဖွံ့ဖြိုးဆဲတိုင်းပြည်များတွင် လူ့အခွင့်အရေးအကာအကွယ်ပေးခြင်း၊ တိုးတက်စေခြင်းများ ဖွံ့ဖြိုးတိုးတက်အောင် ပြုရာ၌လည်း အကူအညီအပေးရန် ရည်ရွယ်ထားပါသည်။ဤသို့အကူအညီပေးရန်ရည်ရွယ်ထားသော အစီအစဉ်များသည်လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အကူအညီပေးရာတွင်လည်း လက်တွေ့အထောက်အပံ့ပေးခြင်းများ ပြုလုပ်ရန် ကျယ်ကျယ်ပြန့်ပြန့် စီစဉ်ထားပါသည်။ လိုအပ်ချက်အားလျော်စွာ ကန့်သတ်ထားချက်များ မရှိသော်လည်းဤအစီအစဉ်များတွင်အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ပြုလုပ်ခြင်းများလည်း ပါဝင်ကြသည်။ လက်တွေ့အထောက်အပံ့ပေးမှုများတွင် အောက်ဖော်ပြပါကိစ္စရပ်များ ပါဝင်နိုင်ပါသည်။

–ဥရောပကော်မတီနှင့်အဖွဲ့ဝင်နိုင်ငံများ၏ နှစ်ဦးနှစ်ဖက်လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကျင့်သုံးမှုအစီအစဉ်များက ဒီမိုကရေစီဖြစ်စဉ်များနှင့် အင်စတီကျူးရှင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုများတွင် အကူအညီပေးရမည့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။ ထို့အပြင် ဖွံ့ဖြိုးဆဲတိုင်းပြည်များ၌ လူ့အခွင့်အရေးများကို အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုလုပ်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ဖွံ့ဖြိုးတိုးတက်မှုများကို ပြုလုပ်ရာတွင် အကူအညီပေးရမည့် လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။ထိုအထဲတွင် စွမ်းရည်မြှင့်သင်တန်းများပေးခြင်း၊ အများပြည်သူပညာပေးကမ်ပိန်းများကဲ့သို့သော ဆောင်ရွက်ချက်များဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား အထောက်အပံ့ပေးခြင်းများလည်း ပါဝင်သည်။

–လူ့အခွင့်အရေးကို အကာအကွယ်ပေးမှုများ၊ တိုးတက်အောင်ပြုခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အဆင့်အဖွဲ့အစည်းများကို တည်ထောင်ရမည်။ ထိုသို့နိုင်ငံတော်အဆင့်အဖွဲ့အစည်းများကို တည်ထောင်ခြင်းနှင့် ထိုအဖွဲ့အစည်းများ၏ လုပ်ငန်းများကို တိုက်တွန်းအားပေးရမည်၊ အထောက်အပံ့ပေးရမည်။ ထိုအဖွဲ့အစည်းများကို ပဲရစ်အခြေခံမှုများနှင့်အညီ တည်ထောင်ရမည်။ထိုအဖွဲ့အစည်းများတွင် အမျိုးသားလူ့အခွင့်အရေးအင်စတီကျူးရှင်းများ၊ အစိုးရဌာနများအပေါ်မကျေနပ်ချက်များကို စုံစမ်းရသောရုံးများနှင့် လူ့အခွင့်အရေးကော်မရှင်များ ပါဝင်ကြသည်။

– နိုင်ငံတကာအဆင့်တွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ ကွန်ရက်ဖွဲ့ခြင်းများကို အကူအညီပေးရမည်။ ထိုအထဲတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ အစည်းအဝေးများကို လွယ်ကူချောမောအောင် ပြုလုပ်ပေးခြင်းများ ပါဝင်သည်။

–တတိယနိုင်ငံများရှိ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများသည် နိုင်ငံခြားမှ ငွေကြေးအပါအဝင် အရင်းအမြစ်များကို ရယူသုံးစွဲနိုင်သည်။ ဤကိစ္စကို သေချာမှုရှိစေရန် ကြိုးပမ်းရမည်။

–များစွာတို့ရှိသည့်အနက် လူ့အခွင့်အရေးပညာရေးအစီအစဉ်များသည် ကုလသမဂ္ဂလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာကြေညာချက်ကို တိုးတက်မှု ဖြစ်စေပါသည်။ ဤအချက်ကို သေချာအောင် ပြုလုပ်ရမည်။

## ကောင်စီလုပ်ငန်းအဖွဲ့များ၏ အခန်းကဏ္ဍ

၁၄။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာလမ်းညွှန်ချက်များနှင့် စပ်လျဉ်းသော နောက်ဆက်တွဲများ၊ ယင်းလမ်းညွှန်ချက်များကို အကောင်အထည်ဖော်မှုများကို ကိုဟုမ်းသည် ၎င်း၏ လုပ်ပိုင်ခွင့်များနှင့်အညီ အမြဲမပြတ် ပြန်လည်ဆန်းစစ်နေရမည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများသည် အခြားသော သက်ဆိုင်ရာကောင်စီလုပ်ငန်းအဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်ခြင်းများ၊ ညှိနှိုင်းဆောင်ရွက်ခြင်းများကို အနီးကပ် လုပ်ဆောင်တည်ရှိနေရမည်။ ဤကိစ္စရပ်တွင် အောက်ပါတို့ ပါဝင်သည်။

– လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို သက်ဆိုင်ရာအီးယူမူဝါဒများနှင့် ဆောင်ရွက်ချက်များတွင် ပေါင်းစည်းပေးမှုကို တိုးတက်အောင်ပြုလုပ်ခြင်း။

– သင့်လျော်ရာကြားကာလများတွင် လမ်းညွှန်ချက်များအကောင်အထည်ဖော်နေမှုကို ပြန်လည်ဆန်းစစ်မှုများ ဆောင်ရွက်ခြင်း။

– လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အထောက်အပံ့ပေးလျှက်ရှိသော ကုလသမဂ္ဂ၊အခြားသောနိုင်ငံတကာယန္တရားများ၊ ဒေသတွင်းယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်နေသော နည်းလမ်းများကို သင့်လျော်သလို စစ်ဆေးခြင်းများ ဆက်လက်ပြုလုပ်ခြင်း။

– လမ်းညွှန်ချက်များကို အကောင်အထည်ဖော်မှုအပေါ် ဦးတည်နေသော တိုးတက်မှုများကို အခြေခံ၍ နှစ်စဉ် သင့်လျော်သလို ပီအက်စီ(PSC)နှင့် ကိုရာပါ(COREPER)တို့မှတစ်ဆင့် ကောင်စီသို့ အစီရင်ခံစာတင်ခြင်း။

## နောက်ဆက်တွဲ ၁ မှ နောက်ဆက်တွဲနောက်ဆက်တွဲ

## တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားသောလူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုခြင်းများ ဆောင်ရွက်ကြမည့် လူ့အဖွဲ့အစည်းတွင် ရှိကြသော တစ်ဦးချင်းပုဂ္ဂိုလ်များ၊ အုပ်စုများ၊ အစိတ်အပိုင်းများ၏ တာဝန်ယူမှုနှင့် အခွင့်အရေးများဆိုင်ရာကြေညာချက်

*အထွေထွေညီလာခံ*

ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးတွင် ရှိကြသော ပုဂ္ဂိုလ်အားလုံး၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုမှန်သမျှကို အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်အလို့ငှာ ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းတွင် ပါရှိသော ရည်ရွယ်ချက်များနှင့် အခြေခံမှုများကို လိုက်နာစောင့်ထိန်းရန် အရေးကြီးပါသည်။ ဤအချက်ကို ထပ်လောင်းအတည်ပြုသည်။

လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို တစ်ကမ္ဘာလုံးက စောင့်ထိန်းခြင်း၊ လေးစားခြင်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြသည့် နိုင်ငံတကာကြိုးပမ်းအားထုတ်မှုများသည် အခြေခံကျသော အချက်များ ဖြစ်ကြသည်။ ဤကဲ့သို့သော နိုင်ငံတကာကြိုးပမ်းအားထုတ်မှုများ၏ အခြေခံအချက်များအနေဖြင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာချက်နှင့် လူ့အခွင့်အရေးဆိုင်ရာနိုင်ငံတကာပဋိညာဉ်စာချုပ်တို့သည် အရေးကြီးပါသည်။ကုလသမဂ္ဂစနစ်များအတွင်းက လက်ခံအတည်ပြုထားသော၊ ထို့အတူ ဒေသတွင်းအဆင့်အဖွဲ့အစည်းများအတွင်းက လက်ခံအတည်ပြုထားသော အခြားလူ့အခွင့်အရေးစာချုပ်စာတမ်းများသည်လည်း အရေးကြီးကြပါသည်။ ဤအချက်များကိုလည်း ထပ်လောင်းအတည်ပြုပါသည်။

မည်သည့်ကွဲပြားခြားနားမှုတစ်စုံတစ်ရာမှ မရှိစေဘဲ အားလုံးသော ပုဂ္ဂိုလ်များ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို လေးစားလိုက်နာမှုပြုရန်အလို့ငှာ တိုက်တွန်းအားပေးခြင်း၊ တိုးတက်အောင်ပြုခြင်းများကို ဆောင်ရွက်ကြရမည်။ထိုတာဝန်ဝတ္တရားများကို နိုင်ငံတကာအသိုင်းအဝိုင်းအဖွဲ့ဝင်များအားလုံးက အတူတကွ ပူးပေါင်း၍သော်လည်းကောင်း၊ သီးခြားစီ ခွဲ၍သော်လည်းကောင်း ဖြည့်ဆည်းကြရမည်။ မည်သည့်ကွဲပြားခြားနားမှုတစ်စုံတစ်ရာမှ မရှိစေဘဲဟုဆိုရာ၌ လူမျိုးကို အခြေပြု၍ကွဲပြားခြားနားခြင်း၊ အသားအရောင်ကို အခြေပြု၍ကွဲပြားခြားနားခြင်း၊ လိင်ကို အခြေပြု၍ကွဲပြားခြားနားခြင်း၊ ဘာသာစကားကို အခြေပြု၍ကွဲပြားခြားနားခြင်း၊ ကိုးကွယ်သည့်ဘာသာရေးကို အခြေပြု၍ကွဲပြားခြားနားခြင်း၊ နိုင်ငံရေးအမြင်ကို အခြေပြု၍သော်လည်းကောင်း၊ အခြားအမြင်များကို အခြေပြု၍သော်လည်းကောင်း ကွဲပြားခြားနားခြင်း၊ နိုင်ငံသားမူလဇာစ်မြစ်ကိုလည်းကောင်း၊ လူမှုရေးမူလဇာစ်မြစ်ကိုလည်းကောင်း အခြေပြု၍ကွဲပြားခြားနားခြင်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို အခြေပြု၍ကွဲပြားခြားနားခြင်း၊ မွေးဖွားမှုကို အခြေပြု၍သော်လည်းကောင်း၊ အခြားအဆင့်အတန်းတစ်စုံတစ်ရာကို အခြေပြု၍သော်လည်းကောင်း ကွဲပြားခြားနားခြင်းများ အကျုံးဝင်သည်။ ဤအချက်ကို အလေးအနက်ထားပါသည်။ ဤပဋိညာဉ်စာတမ်းနှင့်အညီ ဤတာဝန်ဝတ္တရားကို ဖြည့်ဆည်းရန်အလို့ငှာ နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရန် အထူးအရေးကြီးပါသည်။ ဤအချက်ကိုလည်း ထပ်လောင်းအတည်ပြုပါသည်။

ပြည်သူများနှင့် တစ်ဦးချင်းပုဂ္ဂိုလ်တို့၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို ချိုးဖောက်မှုမှန်သမျှ ထိထိရောက်ရောက်ပပျောက်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍသည် အရေးကြီးပါသည်။ယင်းကဲ့သို့ ချိုးဖောက်မှုမှန်သမျှ ထိထိရောက်ရောက်ပပျောက်ရေးအတွက် အကြောင်းခံဖြစ်သော အသင်းအဖွဲ့များ၊ အုပ်စုများနှင့် တစ်ဦးချင်းပုဂ္ဂိုလ်တို့၏ တန်ဖိုးရှိသော လုပ်ငန်းလည်း ဖြစ်သည်။ ပြည်သူများနှင့် တစ်ဦးချင်းပုဂ္ဂိုလ်တို့ဟု ဆိုရာ၌ လူထုနှင့်ဆက်စပ်ခြင်း၊ လူမျိုးရေးခွဲခြားမှုကို အခြေပြု၍ ဖြစ်ပေါ်လာခြင်းများကဲ့သို့သော စနစ်တကျ ချိုးဖောက်ခြင်း၊ ပြောင်ပြောင်တင်းတင်း ကျူးလွန်ဖောက်ဖျက်ခြင်း၊ လူမျိုးရေးခွဲခြားဆက်ဆံမှုပုံသဏ္ဍာန်မှန်သမျှအားလုံး၊ ကိုလိုနီစနစ်၊ နိုင်ငံခြားသြဇာလွှမ်းမိုးခြင်း၊ နိုင်ငံခြားကျူးကျော်ဝင်ရောက်သိမ်းပိုက်ခြင်း၊ နိုင်ငံတော်အချုပ်အခြာအာဏာကို ကျူးကျော်ရန်စခြင်း၊

နိုင်ငံတော်အချုပ်အခြာအာဏာကို ခြိမ်းခြောက်ခြင်း၊ နိုင်ငံတော်စည်းလုံးညီညွတ်ခြင်း၊ နယ်မြေတည်တံ့ခိုင်မြဲခြင်း၊ ပြည်သူများ၏ အခွင့်အရေးများကို အသိအမှတ်ပြုရန် ငြင်းပယ်ခံနေရသည်မှ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိလာခြင်း၊ ဓနဥစ္စာနှင့်သဘာဝအရင်းအမြစ်များနှင့် စပ်လျဉ်း၍ အချုပ်အခြာအာဏာကို အပြည့်အဝ ကျင့်သုံးနိုင်ကြသည့် ပြည်သူတိုင်း၏ အခွင့်အရေးရှိခြင်းများ အကျုံးဝင်ပါသည်။ ဤအချက်ကို အသိအမှတ်ပြုလက်ခံသည်။

နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အကြား၌ ဆက်နွယ်မှုရှိသည်ဟု အသိအမှတ်ပြုသည်။ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို အသုံးချခံစားခွင့်ကို အသိအမှတ်ပြုသည်။ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးမရှိ၍ လိုက်နာခြင်းမပြုတာပါဟူသော ဆင်ခြေကို လက်မခံ။ ဤအချက်ကို သတိပြုရမည်။

လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများအားလုံးသည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည်၊ တစ်ခုနှင့်တစ်ခု ခွဲခြား၍ မရ၊ တစ်ခုကိုတစ်ခုက အမှီသဟဲပြုနေသည်၊ အချင်းချင်းတစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်။ ဤလူ့အခွင့်အရေးနှင့်အခြေခံလွတ်လပ်မှုများအားလုံးကို မျှတသောအားဖြင့်လည်းကောင်း၊ သာတူညီမျှဖြစ်သောအားဖြင့်လည်းကောင်း အကောင်အထည်ဖော်ရမည်၊ တိုးတက်အောင် ပြုရမည်။ဤလူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်မှုများအားလုံးကို အကောအထည်ဖော်ရာတွင် မုန်းတီးဘက်လိုက်မှုများ မရှိစေရ။ ဤအချက်ကိုလည်း ထပ်လောင်းပြောဆိုပါသည်။

လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုခြင်းများ ဆောင်ရွက်ကြရမည့် အဓိကတာဝန်နှင့် တာဝန်ယူမှုများမှာ နိုင်ငံအပေါ်၌ တည်မှီနေပါသည်။ ဤအချက်ကို အလေးအနက်ထားသည်။

နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုဆိုင်ရာအသိဉာဏ်ဗဟုသုတများကို မြှင့်တင်ပေးခြင်း၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို လေးစားမှုများ တိုးတက်အောင်ပြုခြင်းများမှာ အသင်းအဖွဲ့များ၊ အုပ်စုများနှင့် တစ်ဦးချင်းပုဂ္ဂိုလ်တို့၏ အခွင့်အရေးနှင့် တာဝန်ယူမှုများ ဖြစ်ကြသည်။ ဤအချက်ကို အသိအမှတ်ပြုပါသည်။

## ကြေညာချက်

### အပိုဒ် ၁

လူတိုင်းလူတိုင်းတွင် တစ်ဦးချင်းသော်လည်းကောင်း၊ အများနှင့်စုပေါင်း၍သော်လည်းကောင်း နိုင်ငံတော်အဆင့်၌ဖြစ်စေ၊ နိုင်ငံတကာအဆင့်၌ဖြစ်စေလူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို နားလည်သဘောပေါက်ခြင်း၊ အကာအကွယ်ပေးခြင်းများဖြစ်ပေါ်ရန်အလို့ငှာ ကြိုးစားခွင့်၊ တိုးတက်အောင်ပြုလုပ်ခွင့်များ ရှိသည်။

### အပိုဒ် ၂

၁။နိုင်ငံအသီးသီးတွင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုအားလုံးကို အကောင်အထည်ဖော်ခြင်း၊ တိုးတက်အောင်ပြုခြင်း၊ အကာအကွယ်ပေးခြင်းများ ပြုလုပ်ရန်အတွက် အဓိကကျသော တာဝန်ယူမှုနှင့် တာဝန်များ ရှိသည်။လိုအပ်လာမည်ဆိုပါက လူမှုရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်နှင့် အခြားနယ်ပယ်များတွင်လိုအပ်သောအခြေအနေများအားလုံးကို ဖန်တီးရမည့်အဆင့်များကို လက်ခံသဘောတူရမည်။ ထို့အတူ ၎င်းနိုင်ငံအသီးသီးရှိ တရားစီရင်ပိုင်ခွင့်အတွင်း၌ ရှိကြသော ပုဂ္ဂိုလ်အားလုံးတို့သည် တစ်ဦးချင်းစီသော်လည်းကောင်း၊ အများနှင့်စုပေါင်း၍သော်လည်းကောင်း ထိုလူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို လက်တွေ့အသုံးချကျင့်သုံးနိုင်ရမည်။ ဤအချက်ကို သေချာခိုင်မာစေရန် လိုအပ်သော တရားဥပဒေအာမခံချက်များကို လက်ခံသဘောတူရမည်။

၂။ ယခုလက်ရှိကြေညာချက်တွင် ညွှန်ပြထားသော အခွင့်အရေးများနှင့် လွတ်လပ်မှုများကို ထိရောက်သေချာစွာ အာမခံချက်ပေးရမည်။ ဤကဲ့သို့သော အာမခံချက်ကို ခိုင်မာသေချာစေရန်အလို့ငှာ လိုအပ်လာမည်ဆိုပါက ဥပဒေပြုမှုအဆင့်၊ စီမံအုပ်ချုပ်မှုအဆင့်နှင့် အခြားအဆင့်များကို နိုင်ငံအသီးသီးက လက်ခံသဘောတူရမည်။

### အပိုဒ် ၃

ပြည်တွင်း၌ ပြဋ္ဌာန်းထားသော ဥပဒေသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများနယ်ပယ်အတွင်း၌ ရှိသောကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် အခြားသောနိုင်ငံတကာနိုင်ငံများလိုက်နာရမည့်တာဝန်ဝတ္တရားများနှင့် ကိုက်ညီမှုရှိရမည်။၎င်းပြည်တွင်းဥပဒေသည် တရားဥပဒေမူဘောင်ဖြစ်သည်။ ယင်းကဲ့သို့သော တရားဥပဒေမူဘောင်အတွင်းမှ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို အကောင်အထည်ဖော်၊ အသုံးချကျင့်သုံးရမည်။ ယင်းကဲ့သို့သော တရားဥပဒေမူဘောင်အတွင်းမှ ထိုအခွင့်အရေးများနှင့် လွတ်လပ်မှုများကို ထိရောက်စွာ နားလည်သဘောပေါက်ခြင်း၊ အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုခြင်းများ ဆောင်ရွက်ရန်အလို့ငှာ ယခုလက်ရှိကြေညာချက်တွင် ညွှန်ပြထားသောဆောင်ရွက်ချက်အားလုံးကို စီမံပြုလုပ်ရမည်။

### အပိုဒ် ၄

ကုလသမဂ္ဂပဋိညာဉ်စာတမ်း၌ ပါရှိသော ရည်ရွယ်ချက်များနှင့် အခြေခံမှုများကို ထိခိုက်စေ၍သော်လည်းကောင်း၊ ကွဲလွဲဆန့်ကျင်၍သော်လည်းကောင်း ယခုလက်ရှိကြေညာချက်တွင် မည်သည့်အရာကိုမျှ အဓိပ္ပာယ်မဖော်ဆောင်ရ။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာချက်၊ နိုင်ငံတကာလူ့အခွင့်အရေးပဋိညာဉ်စာချုပ်၊ ဤနယ်ပယ်တွင် ရှိသော သက်ဆိုင်ရာအခြားသောနိုင်ငံတကာစာချုပ်စာတမ်းများ၊ ကတိကဝတ်များတွင် ပါရှိသော ပြဋ္ဌာန်းချက်များကို တင်းကျပ်စေခြင်းအကျိုးအလို့ငှာ ယခုလက်ရှိကြေညာချက်၌ မည်သည့်အရာကိုမျှ အဓိပ္ပာယ်မဖော်ဆောင်ရ။

### *အပိုဒ် ၅*

လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုခြင်းဟူသော ရည်ရွယ်ချက်အကျိုးအလို့ငှာ လူတိုင်းလူတိုင်းတွင်တစ်ဦးချင်းသော်လည်းကောင်း၊ အများနှင့် စုပေါင်း၍သော်လည်းကောင်း နိုင်ငံတော်အဆင့်၌ဖြစ်စေ၊ နိုင်ငံတကာအဆင့်၌ဖြစ်စေ အောက်ဖော်ပြပါအခွင့်အရေးများ ရှိသည်။

(က) ငြိမ်းချမ်းစွာ စည်းဝေးခြင်း၊ ငြိမ်းချမ်းစွာ စုဝေးခြင်း။

(ခ) အစိုးရမဟုတ်သော အဖွဲ့အစည်းများကိုဖြစ်စေ၊ အသင်းအဖွဲ့များကိုဖြစ်စေ၊ အုပ်စုများကိုဖြစ်စေ ဖွဲ့စည်းခြင်း၊ ၎င်းတို့သို့ ဝင်ရောက်ခြင်း၊ ၎င်းတို့တွင် ပါဝင်ဆောင်ရွက်ခြင်း။

(ဂ) အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ အစိုးရအချင်းချင်းဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့်သော်လည်းကောင်း ဆက်သွယ်ပြောဆိုဆက်ဆံခြင်း။

### *အပိုဒ် ၆*

လူတိုင်းလူတိုင်းတွင် တစ်ဦးချင်းစီသော်လည်းကောင်း၊ အများနှင့် စုပေါင်း၍သော်လည်းကောင်း အောက်ပါအခွင့်အရေးများ ရှိသည်။

(က) အလုံးစုံသော လူ့အခွင့်အရေး၊ အခြေခံလွတ်လပ်မှုများနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များကို ကိုင်ဆောင်ခွင့်၊ လက်ခံခွင့်၊ ရရှိခွင့်၊ ရှာဖွေခွင့်၊ သိရှိခွင့်။ ဤအထဲတွင် ပြည်တွင်း၌ ရှိသော ဥပဒေပြုရေးစနစ်၊ တရားစီရင်ရေးစနစ်၊ စီမံအုပ်ချုပ်ရေးစနစ်များတွင် ထိုလူ့အခွင့်အရေးများနှင့် လွတ်လပ်မှုများကို မည်ကဲ့သို့ ဖော်ပြထားသနည်းဟူသော သတင်းအချက်အလက်ကို ရရှိခွင့်လည်း အကျုံးဝင်သည်။

(ခ) လူ့အခွင့်အရေးနှင့် အခြားသောသက်ဆိုင်ရာစာချုပ်စာတမ်းများ၌ ဖော်ပြထားသည့်အတိုင်း အလုံးစုံသော လူ့အခွင့်အရေး၊ အခြေခံလွတ်လပ်မှုများနှင့် စပ်လျဉ်း၍ အခြားသော အမြင်များ၊ သတင်းအချက်အလက်များ၊ အသိဉာဏ်ဗဟုသုတများကို လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်၊ လွတ်လပ်စွာ ပေးခွင့်၊ လွတ်လပ်စွာ ဖြန့်ဖြူးခွင့်။

(ဂ) ဥပဒေအရရော လက်တွေ့အရပါ နှစ်ရပ်စလုံးဖြင့်အလုံးစုံသော လူ့အခွင့်အရေး၊ အခြေခံလွတ်လပ်မှုများနှင့် စပ်လျဉ်း၍ လိုက်နာစောင့်ထိန်းခြင်းဆိုင်ရာအမြင်အယူအဆများကို ကိုင်ဆောင်ထားခွင့်၊ ပုံဖော်ခွင့်၊ ဆွေးနွေးခွင့်၊ လေ့လာခွင့်။ ဤကဲ့သို့သော နည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားသင့်လျော်ရာနည်းလမ်းများဖြင့်ဖြစ်စေ ထိုကိစ္စရပ်များကို အများပြည်သူ သိအောင် ထောက်ပြခွင့်။

### *အပိုဒ် ၇*

လူတိုင်းလူတိုင်းတွင် တစ်ဦးချင်းစီသော်လည်းကောင်း၊ အများနှင့်စုပေါင်း၍သော်လည်းကောင်း လူ့အခွင့်အရေးစိတ်ကူးထည်အသစ်များကို ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်ခွင့်၊ ဆွေးနွေးခွင့်၊ လူ့အခွင့်အရေးအခြေခံမှုအသစ်များကို ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်ခွင့်၊ ဆွေးနွေးခွင့်၊ ၎င်းစိတ်ကူးထည်နှင့် အခြေခံမှုများကို အများလက်ခံလာအောင် ထောက်ခံအားပေးခွင့်များ ရှိသည်။

### *အပိုဒ် ၈*

၁။ လူတိုင်းလူတိုင်းတွင် တစ်ဦးချင်းစီသော်လည်းကောင်း၊ အများနှင့်စုပေါင်း၍သော်လည်းကောင်းခွဲခြားဆက်ဆံမှုတစ်စုံတစ်ရာမရှိစေဘဲ မိမိတိုင်းပြည်၏ အစိုးရအဖွဲ့တွင် ပါဝင်ဆောင်ရွက်နိုင်မည့် ထိရောက်သည့် အခွင့်အလမ်း ရပိုင်ခွင့် ရှိသည်။အများပြည်သူကိစ္စရေးရာများကို စီမံရာတွင် ပါဝင်ဆောင်ရွက်နိုင်မည့် ထိရောက်သည့် အခွင့်အလမ်း ရပိုင်ခွင့် ရှိသည်။

၂။ များစွာတို့ရှိသည့်အနက် ဤအထဲတွင် တစ်ဦးချင်းစီသော်လည်းကောင်း၊ အများနှင့်စုပေါင်း၍သော်လည်းကောင်း အစိုးရ၏ လုပ်ငန်းဆောင်တာများ တိုးတက်စေရန် အလို့ငှာ အဆိုပြုခြင်း၊ ဝေဖန်ခြင်းများကို အများပြည်သူကိစ္စရေးရာများနှင့် သက်ဆိုင်သော အစိုးရအစိတ်အပိုင်းများ၊ အစိုးရအေဂျင်စီများ၊ အစိုးရအဖွဲ့အစည်းများသို့ တင်သွင်းခွင့် အကျုံးဝင်သည်။ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို နားလည်သဘောပေါက်ခြင်း၊ အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုခြင်းဟူသော ဆောင်ရွက်ချက်များကို အဟန့်အတားဖြစ်စေနိုင်သော အစိုးရ၏ ယင်းလုပ်ဆောင်ချက်များအပေါ် အမြင်တစ်စုံတစ်ရာကို အများပြည်သူ သိအောင် ထောက်ပြခွင့်လည်း အကျုံးဝင်ပါသည်။

### *အပိုဒ် ၉*

၁။ ယခုလက်ရှိကြေညာချက်တွင် ဖော်ပြထားသော လူ့အခွင့်အရေးများကို အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုခြင်းများအပါအဝင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို ကျင့်သုံးရာ၌ လူတိုင်းလူတိုင်းတွင် တစ်ဦးချင်းစီသော်လည်းကောင်း၊ အများနှင့်စုပေါင်း၍သော်လည်းကောင်းထိုအခွင့်အရေးများကို ချိုးဖောက်ခံရခြင်းဖြစ်ရပ်များ ရှိခဲ့သော် ထိရောက်သော ကုစားမှု အကျိုးခံစားခွင့် ရှိသည်။ အကာအကွယ်ပေးခံရခွင့် ရှိသည်။

၂။ ဤအရာဝယ် အခွင့်အရေးချိုးဖောက်ခံရသည်ဟု ဆိုသောသူတိုင်းတွင်လည်းကောင်း၊ လွတ်လပ်မှုများချိုးဖောက်ခံရသည်ဟု ဆိုသောသူတိုင်းတွင်လည်းကောင်း ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ ဥပဒေအာဏာပိုင်က ကိုယ်စားပြုမှုဖြင့်ဖြစ်စေ တိုင်ကြားခွင့် ရှိသည်။ ဥပဒေအရ တည်ထောင်ထားသော တရားစီရင်ရေးအာဏာပိုင်အဖွဲ့သည် ကျွမ်းကျင်မှုရှိရမည်၊ ဘက်မလိုက်ရ၊ လွတ်လပ်ရမည်။ ထိုကဲ့သို့သော တရားစီရင်ရေးအာဏာပိုင်ရှေ့မှောက်တွင် အများပြည်သူ ကြားနာရာ၌ တိုင်ကြားမှုကို ချက်ချင်း ပြန်လည်စစ်ဆေးမှုရခွင့် ရှိသည်။ ထိုကဲ့သို့သော တရားစီရင်ရေးအာဏာပိုင်၏ ဆုံးဖြတ်မှုကို ဥပဒေနှင့်အညီ ရရှိခွင့် ရှိသည်။ လျော်ကြေးပေးမှုကို ရရှိခွင့် ရှိသည်။ထိုအထဲတွင် ထိုပုဂ္ဂိုလ်၏ အခွင့်အရေးကိုသော်လည်းကောင်း၊ လွတ်လပ်မှုကိုသော်လည်းကောင်း ချိုးဖောက်ခံရခြင်းနှင့်အညီအလျော်ပေးမှုတစ်စုံတစ်ရာ ပါဝင်သည်။ ထို့အတူ ထိုတရားစီရင်ရေးအာဏာပိုင်၏ နောက်ဆုံးဆုံးဖြတ်ချက်နှင့် လျော်ကြေးသည် အတည်ဖြစ်သည်။ ဤအရာအားလုံးသည် လွန်လွန်ကဲကဲ ကြန့်ကြာမှုတစ်စုံတစ်ရာ မရှိစေရ။

၃။ အလားတူစွာပင်လူတိုင်းလူတိုင်းတွင် တစ်ဦးချင်းစီသော်လည်းကောင်း၊ အများနှင့်စုပေါင်း၍သော်လည်းကောင်း များစွာတို့ရှိသည့်အနက် အောက်ပါအခွင့်အရေးများ ရှိသည်။

(က) လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို ချိုးဖောက်ခြင်းနှင့် ဆက်စပ်နေသော အစိုးရအဖွဲ့အစည်းများ၊ တစ်ဦးချင်းပုဂ္ဂိုလ်အရာရှိများ၏ မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ကျွမ်းကျင်မှုရှိသော ပြည်တွင်းတရားစီရင်ရေးအာဏာပိုင်များသို့လည်းကောင်း၊ စီမံအုပ်ချုပ်ရေးအာဏာပိုင်များသို့လည်းကောင်း၊ ဥပဒေပြုရေးအာဏာပိုင်များသို့လည်းကောင်း အသနားခံစားအားဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သော နည်းလမ်းများဖြင့်ဖြစ်စေ တိုင်ကြားခွင့် ရှိသည်။ ယင်းနိုင်ငံ၏ ဥပဒေစနစ်က ခွင့်ပြုပေးထားသော အခြားကျွမ်းကျင်မှုရှိသည့်အာဏာပိုင်အဖွဲ့သို့လည်း တိုင်ကြားခွင့် ရှိသည်။ လွန်လွန်ကဲကဲ ကြန့်ကြာမှုမရှိစေဘဲ ယင်းတိုင်ကြာမှုအပေါ်၌၎င်းတို့၏ ဆုံးဖြတ်ချက်ကို ဖြစ်စေရမည်။

(ခ) နိုင်ငံတော်ဥပဒေ၊ သက်ဆိုင်ရာနိုင်ငံတကာတာဝန်ဝတ္တရားများ၊ ကတိကဝတ်များကို လေးစားလိုက်နာခြင်းဟူသော အမြင်ကို ဖော်ပြရန်အလို့ငှာ ကြားနာရာများသို့ အများပြည်သူ တက်ရောက်ခွင့်၊ တရားစွဲဆိုရာသို့ အများပြည်သူ တက်ရောက်ခွင့်၊ စစ်ဆေးစီရင်ရာသို့ အများပြည်သူ တက်ရောက်ခွင့် ရှိသည်။

(ဂ) လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို ကာကွယ်စောင့်ရှောက်ရန် အကျိုးအလို့ငှာ အတတ်ပညာဆိုင်ရာအရည်အချင်းပြည့်ဝသော တရားဥပဒေအကူအညီများကို ကမ်းလှမ်းခွင့်၊ ပေးခွင့် ရှိသည်။ အခြားသော သက်ဆိုင်ရာအကြံဉာဏ်နှင့် အကူအညီများကိုလည်း ကမ်းလှမ်းခွင့်၊ ပေးခွင့် ရှိသည်။

၄။ အလားတူစွာပင်သက်ဆိုင်ရာနိုင်ငံတကာစာချုပ်စာတမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လူတိုင်းလူတိုင်းတွင် တစ်ဦးချင်းစီသော်လည်းကောင်း၊ အများနှင့်စုပေါင်း၍သော်လည်းကောင်း လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆက်သွယ်ပြောဆိုဆက်ဆံမှုများကို စဉ်းစားဆင်ခြင်ပေးနိုင်မည့်၊ လက်ခံပေးနိုင်မည့် ယေဘုယျ သို့မဟုတ် အထူးကျွမ်းကျင်မှုရှိသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အတားအဆီးမဲ့ ဆက်သွယ်ပြောဆိုဆက်ဆံခွင့်၊ အတားအဆီးမဲ့အခွင့်အလမ်းများ ရရှိခွင့် ရှိသည်။

၅။ တရားစီရင်ပိုင်ခွင့်ရှိရာမည်သည့်နယ်မြေ၌မဆို လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုတို့ ချိုးဖောက်ခံမှုများ ဖြစ်ပေါ်နေသည်ဟု ယုံကြည်လောက်သော အခြေခံအကြောင်းတရားများ ဖြစ်ပေါ်နေပါက မည်သည့်အခါတွင်မဆို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည်။ ဤအချက်ကို သေချာမှုရှိအောင် နိုင်ငံတော်က ဆောင်ရွက်ရမည်။ နိုင်ငံတော်က ချက်ချင်းလက်ငင်း ဘက်မလိုက်သော စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ရမည်။

### *အပိုဒ် ၁၀*

လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို ချိုးဖောက်ကြရာတွင် သတ်မှတ်ပြဋ္ဌာန်းထားရာ၌ပြုလုပ်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ၊ ပျက်ကွက်သွားသော ပြုလုပ်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ မည်သူတစ်ဦးတစ်ယောက်မျှ မပါဝင်မဆောင်ရွက်စေရ။ ထိုသို့ချိုးဖောက်ခြင်းကို ငြင်းပယ်သော မည်သူတစ်ဦးတစ်ယောက်မျှလည်း ဆိုရွားသောဆောင်ရွက်မှု၊ အပြစ်ဒဏ်ပေးမှုများကို မခံရစေရ။

### *အပိုဒ် ၁၁*

လူတိုင်းလူတိုင်းတွင် တစ်ဦးချင်းစီသော်လည်းကောင်း၊ အများနှင့်စုပေါင်း၍သော်လည်းကောင်း မိမိတို့၏ အသက်မွေးဝမ်းကျောင်းအလုပ်ကို ဥပဒေနှင့်အညီ ကျင့်သုံးခွင့် ရှိသည်။ မိမိတို့၏ အသက်မွေးဝမ်းကျောင်းအလုပ်ကြောင့် အခြားသူတို့၏ လူ့ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေး၊ အခြေခံလွတ်လပ်မှုများကို ထိခိုက်နိုင်လတ်သော် ထိုအသက်မွေးဝမ်းကျောင်းအလုပ်ဖြင့် ရပ်တည်သူတို့သည် ထိုအခြားသူတို့၏ အခွင့်အရေးနှင့် လွတ်လပ်မှုများကို လေးစားကြရမည်။ ထို့အပြင် သက်ဆိုင်ရာအသက်မွေးဝမ်းကျောင်းအလုပ်ကျင့်ဝတ်ဆိုင်ရာနိုင်ငံတော်အဆင့်အတန်းနှင့် နိုင်ငံတကာအဆင့်အတန်းများကို လိုက်နာကြရမည်။

### *အပိုဒ် ၁၂*

၁။ လူတိုင်းလူတိုင်းတွင် တစ်ဦးချင်းစီသော်လည်းကောင်း၊ အများနှင့်စုပေါင်း၍သော်လည်းကောင်း လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုချိုးဖောက်ခြင်းများကို ဆန့်ကျင်သော ဆောင်ရွက်ချက်များ၌ ငြိမ်းချမ်းစွာ ပါဝင်ဆောင်ရွက်ခွင့် ရှိသည်။

၂။ ယခုလက်ရှိကြေညာချက်တွင် ညွှန်ပြထားသော အခွင့်အရေးများကို တရားဝင်ကျင့်သုံးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ခြိမ်းခြောက်ခံရခြင်း၊ လက်တုံ့ပြန်ခြင်း၊ တရားဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ဆိုးဆိုးရွားရွား ခွဲခြားဆက်ဆံခံရခြင်း၊

ဖိအားပေးခြင်း၊ အခြားသော ထင်တိုင်းကြဲလုပ်ရပ်မှန်သမျှ အကြမ်းဖက်မှုများကို ဆန့်ကျင်၍ တစ်ဦးချင်းသော်လည်းကောင်း၊ အများနှင့်စုပေါင်း၍သော်လည်းကောင်း လူတိုင်းလူတိုင်းအား ကျွမ်းကျင်သော အာဏာပိုင်များက အကာအကွယ်ပေးရမည်။ ဤအချက်ကို သေချာမှုရှိစေရန် အလို့ငှာ လိုအပ်ပါက နိုင်ငံတော်က တိုင်းတာမှုများ ပြုလုပ်ရမည်။

၃။ ဤကိစ္စနှင့် စပ်လျဉ်း၍ ငြိမ်းချမ်းသော နည်းလမ်းများဖြင့် ဆောင်ရွက်လုပ်ဆောင်ချက်များကို ဆန့်ကျင်တုံ့ပြန်ကြရာ၌ တစ်ဦးချင်းစီသော်လည်းကောင်း၊ အများနှင့်စုပေါင်း၍သော်လည်းကောင်း လူတိုင်းလူတိုင်းက နိုင်ငံတော်၏ ဥပဒေနှင့် ထိထိရောက်ရောက် အကာအကွယ်ပေးမှုကို ရပိုင်ခွင့် ရှိသည်။ဤအကြမ်းဖက်ဆောင်ရွက်ချက်များတွင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုချိုးဖောက်ခြင်းများကို ဖြစ်ပေါ်စေသော နိုင်ငံများက ဖယ်ချန်ထားမှုများဟု မှတ်ယူနိုင်သော လုပ်ရပ်များ ပါဝင်သည်။ ထို့အတူ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို အသုံးချကျင့်သုံးမှုအပေါ် ထိခိုက်စေသော တစ်ဦးချင်းစီက ကျူးလွန်သော အကြမ်းဖက်လုပ်ရပ်များ၊ အုပ်စုများက ကျူးလွန်သော အကြမ်းဖက်လုပ်ရပ်များလည်း ပါဝင်သည်။

### *အပိုဒ် ၁၃*

ယခုလက်ရှိကြေညာချက်ပါ အပိုဒ် ၃ နှင့်အညီ ငြိမ်းချမ်းသော နည်းလမ်းများဖြင့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုခြင်းဟူသော တိကျပြတ်သားသော ရည်ရွယ်ချက်အကျိုးအလို့ငှာ တစ်ဦးချင်းစီသော်လည်းကောင်း၊ အများနှင့်စုပေါင်း၍သော်လည်းကောင်း လူတိုင်းလူတိုင်းတွင် အရင်းအမြစ်များကို အသုံးချခွင့်၊ လက်ခံခွင့်၊ တောင်းဆိုခွင့်များ ရှိသည်။

### *အပိုဒ် ၁၄*

၁။ နိုင်ငံသားအခွင့်အရေး၊ နိုင်ငံရေးအခွင့်အရေး၊ စီးပွားရေးအခွင့်အရေး၊ လူမှုရေးအခွင့်အရေး၊ ယဉ်ကျေးမှုအခွင့်အရေးများနှင့် သက်ဆိုင်သော တရားစီရင်ပိုင်ခွင့်နှင့်အညီ ပုဂ္ဂိုလ်အားလုံး၏ နားလည်မှုများ တိုးပွားပါစေခြင်းအကျိုးငှာ နိုင်ငံတော်တွင် ဥပဒေပြုရေးတိုင်းတာမှု၊ တရားစီရင်ရေးတိုင်းတာမှု၊ စီမံအုပ်ချုပ်ရေးတိုင်းတာမှု၊ အခြားသင့်လျော်သော တိုင်းတာမှုများကို ဆောင်ရွက်ရမည့် တာဝန်ယူမှု ရှိသည်။

၂။ ၎င်းတိုင်းတာမှုများထဲတွင် များစွာတို့ရှိသည့်အနက် အောက်ပါတို့ ပါဝင်သည်။

(က) နိုင်ငံတော်၏ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ခြင်းနှင့် ပုံနှိပ်ထုတ်ဝေထားခြင်း။သက်ဆိုင်ရာအခြေခံနိုင်ငံတကာလူ့အခွင့်အရေးစာချုပ်စာတမ်းများကို ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ခြင်းနှင့် ပုံနှိပ်ထုတ်ဝေထားခြင်း။

(ခ) လူ့အခွင့်အရေးနယ်ပယ်တွင် နိုင်ငံတကာမှတ်တမ်းမှတ်ရာများကို ပြည့်ပြည့်စုံစုံနှင့် ညီညီမျှမျှ ရနိုင်သော အခွင့်အလမ်းများ ရှိနေခြင်း။ ဤအထဲတွင် နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များအရ တည်ထောင်ထားသော အဖွဲ့အစည်းများသို့ နိုင်ငံတော်က ပုံမှန်အစီရင်ခံစာများ တင်သွင်းရခြင်းများ ပါဝင်သည်။ ယင်းသည် အဖွဲ့တစ်ခု ဖြစ်သည်။ ထို့အတူ ဤအဖွဲ့အစည်းများ၏ တရားဝင်အစီရင်ခံစာများနှင့် ဆွေးနွေးချက်မှတ်တမ်းအကျဉ်းများလည်း ပါဝင်သည်။

၃။ တရားစီရင်ပိုင်ခွင့်ရှိသော နယ်မြေအားလုံးတွင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုခြင်းများ ပြုလုပ်ရန်အလို့ငှာ လွတ်လပ်သော နိုင်ငံတကာအင်စတီကျူးရှင်းများ ဖွံ့ဖြိုးတိုးတက်အောင်ပြုခြင်း၊ ဖန်တီးခြင်းများ ပြုလုပ်ရမည်။ ထို့ကဲ့သို့ ပြုလုပ်ရာတွင် သင်လျော်ရာ၌ နိုင်ငံတော်က သေချာမှုရှိအောင် လုပ်ရမည်၊ အထောက်အပံ့ပေးရမည်။ အင်စတီကျူးရှင်းများဟုဆိုရာတွင် အစိုးရဌာနများအပေါ် မကျေနပ်ချက်များကို စုံစမ်းရန် ခန့်ထားသော ပုဂ္ဂိုလ်များလည်း ဖြစ်နိုင်သည်၊ လူ့အခွင့်အရေးကော်မရှင်များလည်း ဖြစ်နိုင်သည်၊ အခြားသော နိုင်ငံတော်အဆင့်အင်စတီကျူးရှင်းပုံသဏ္ဍာန်လည်း ဖြစ်နိုင်သည်။

***အပိုဒ် ၁၅***

ပညာရေး၏ အဆင့်တိုင်းအဆင့်တိုင်းတွင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများ သင်ကြားခြင်းကို လွယ်ကူချောမောအောင် ပြုခြင်း၊ တိုးတက်အောင် ပြုခြင်းများ ပြုလုပ်ရမည့် တာဝန်ယူမှုသည် နိုင်ငံတော်တွင် ရှိသည်။ရှေ့နေများကို သင်တန်းပေးခြင်း၊ ဥပဒေသက်ရောက်မှုရှိအောင် ဆောင်ရွက်ကြသော အရာရှိများကို သင်တန်းပေးခြင်း၊ လက်နက်ကိုင်တပ်များက အရာရှိများကို သင်တန်းပေးခြင်း၊ အများပြည်သူဝန်ထမ်းအရာရှိများကို သင်တန်းပေးခြင်းများအတွက် တာဝန်ရှိသောအရာများတွင် သင်တန်းအစီအစဉ်များ၌ သင့်လျော်သော လူ့အခွင့်အရေးသင်ကြားမှုအစိတ်အပိုင်းများလည်း ပါဝင်သည်။ ဤအချက်ကို သေချာမှုရှိစေရမည့် တာဝန်ယူမှုသည် နိုင်ငံတော်တွင် ရှိသည်။

***အပိုဒ် ၁၆***

လူ့အခွင့်အရေးနယ်ပယ်တွင် ပညာရေး၊ သင်တန်းပေးခြင်း၊ သုတေသနပြုခြင်းတို့ကဲ့သို့သော ဆောင်ရွက်ချက်များဖြင့် လူ့အခွင့်အရေး၊ အခြေခံလွတ်လပ်မှုများနှင့် ဆက်စပ်နေသော ပြဿနာများကို အများပြည်သူများ ပိုမို သတိပြုမိလာစေရန် အကြောင်းဖန်တီးရာ၌ တစ်ဦးချင်းပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအင်စတီကျူးရှင်းများသည်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျှက် ရှိသည်။ပညာရေးစသော ဆောင်ရွက်ချက်များသည်နိုင်ငံများအကြားတွင်လည်းကောင်း၊ လူမျိုးရေးနှင့် ဘာသာရေးအုပ်စုများအားလုံးအကြားတွင်လည်းကောင်း များစွာတို့ရှိသည့်အနက် နားလည်မှု၊ သည်းခံနိုင်မှု၊ ငြိမ်းချမ်းရေးနှင့် ရင်းနှီးသောဆက်ဆံရေးတို့ကို ပို၍ ဖြစ်ထွန်းစေသည်။ လူ့အဖွဲ့အစည်းနှင့် လူမှုအသိုင်းအဝိုင်းတို့၏ နောက်ကြောင်းအမျိုးမျိုးကို စိတ်ထဲတွင် ထားရမည်။ ယင်းလူ့အဖွဲ့အစည်းနှင့် လူမှုအသိုင်းအဝိုင်းများသည် ၎င်းတို့ ဆောင်ရွက်ချက်များကို လုပ်ဆောင်ရာလည်း ဖြစ်သည်။

***အပိုဒ် ၁၇***

ယခုလက်ရှိကြေညာချက်တွင် ညွှန်ပြထားသော အခွင့်အရေးများနှင့် လွတ်လပ်မှုများကို ကျင့်သုံးရာ၌ ဆောင်ရွက်လျှက်ရှိသော လူတိုင်းလူတိုင်းသည် တစ်ဦးချင်းစီသော်လည်းကောင်း၊ အများနှင့်စုပေါင်း၍သော်လည်းကောင်း ဆိုအပ်ခဲ့ပြီးသော ကန့်သတ်ချက်များကို လိုက်နာကြရမည်။ ထိုဆိုအပ်ခဲ့ပြီးသော ကန့်သတ်ချက်များသည်သက်ဆိုင်ရာနိုင်ငံတကာတာဝန်ဝတ္တရားများနှင့်အညီလည်း ဖြစ်သည်။ အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်မှုများကို လေးစားလိုက်နာခြင်း၊ အသိအမှတ်ပြုခြင်းများကို ရရှိရန်ဟူသော ရည်ရွယ်ချက်အလို့ငှာ ယင်းကန့်သတ်ချက်များကို ဥပဒေက သတ်မှတ်ပြဋ္ဌာန်းထားသည်။ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတစ်ရပ်တွင် ရှိရမည့် အထွေထွေလူမှုဖူလုံရေး၊ အများပြည်သူဟူသောအစုအစဉ်၊ ကျင့်ဝတ်သိက္ခာများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ဟူသော ရည်ရွယ်ချက်အလို့ငှာလည်း ယင်းကန့်သတ်ချက်များကို ဥပဒေက သတ်မှတ်ပြဋ္ဌာန်းပေးထားသည်။

***အပိုဒ် ၁၈***

၁။ လူမှုအသိုင်းအဝိုင်းအတွင်းတွင်လည်းကောင်း၊ လူမှုအသိုင်းအဝိုင်းအပေါ်၌လည်းကောင်း လူတိုင်းလူတိုင်းတွင် တာဝန်များ ရှိကြသည်။ ယင်းလူမှုအသိုင်းအဝိုင်းအတွင်းမှသာ မိမိတို့၏ လွတ်လပ်ပြည့်ဝသော ကိုယ်ရေကိုယ်သွေးဖွံ့ဖြိုးတိုးတက်မှုများလည်း ဖြစ်နိုင်သည်။

၂။ ဒီမိုကရေစီကို ကာကွယ်ပေးရန် တာဝန်ရှိသည်။ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို တိုးတက်အောင်ပြုရန် တာဝန်ရှိသည်။ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းများ၊ ဒီမိုကရက်တစ်အင်စတီကျူးရှင်းများ၊ ဒီမိုကရက်တစ်ဖြစ်စဉ်များ တိုးတက်မှုရှိစေရန်၊ တိုးတက်မှုရှိအောင်ပြုရန် အကြောင်းအထောက်အပံ့ပေးရမည့် တာဝန်ရှိသည်။ တစ်ဦးချင်းပုဂ္ဂိုလ်များ၊ အုပ်စုများ၊ အင်စတီကျူးရှင်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများတွင် ထိုကဲ့သို့သော တာဝန်ယူမှုတစ်ရပ် ရှိသည်။

ယင်းတစ်ဦးချင်းပုဂ္ဂိုလ်များ၊ အုပ်စုများ၊ အင်စတီကျူးရှင်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြသည်။

၃။ လူမှုရေးအစုအစည်းအရဖြစ်စေ၊ နိုင်ငံတကာအစုအစည်းအရဖြစ်စေ လူတိုင်းလူတိုင်း၏ အခွင့်အရေးကို တိုးတက်အောင်ပြုခြင်းအလို့ငှာ သင့်လျော်ရာ၌ အကြောင်းအထောက်အပံ့ပေးရမည့် တာဝန်ယူမှုသည် တစ်ဦးချင်းပုဂ္ဂိုလ်များ၊ အုပ်စုများ၊ အင်စတီကျူးရှင်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများတွင် ရှိပါသည်။ ယင်းတစ်ဦးချင်းပုဂ္ဂိုလ်များ၊ အုပ်စုများ၊ အင်စတီကျူးရှင်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြသည်။ လူ့အခွင့်အရေးနှင့် လွတ်လပ်မှုများကို အပြည့်ပြည့်ဆိုင်ရာလူ့အခွင့်အရေးကြေညာချက်တွင်လည်း ဖော်ပြထားကြပြီး အခြားသောလူ့အခွင့်အရေးစာချုပ်စာတမ်းများကိုလည်း အပြည့်အဝ နားလည်းသဘောပေါက်နိုင်သည်။

### *အပိုဒ် ၁၉*

တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်ကို ရည်ညွှန်း၍ဖြစ်စေ၊ အုပ်စုတစ်ခုကိုရည်ညွှန်း၍ဖြစ်စေ၊ လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ရပ်ကို ရည်ညွှန်း၍ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံကို ရည်ညွှန်း၍ဖြစ်စေယခုလက်ရှိကြေညာချက်တွင် မည်သည့်အရာကိုမျှ အဓိပ္ပာယ်မဖွင့်ဆိုရ။ ဆောင်ရွက်ချက်တစ်စုံတစ်ရာတွင် ပါဝင်ခွင့်၊ လုပ်ရပ်တစ်ခုကို ဆောင်ရွက်ခွင့်ဟူသည် ယခုလက်ရှိကြေညာချက်တွင် ညွှန်ပြထားသော အခွင့်အရေးနှင့် လွတ်လပ်မှုများကို ဖျက်ဆီးရန်ရည်ရွယ်ခြင်းကို ဆိုလိုသည်။

### *အပိုဒ် ၂၀*

ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သော တစ်ဦးချင်းပုဂ္ဂိုလ်များ၊ တစ်ဦးချင်းပုဂ္ဂိုလ်များ၏ အုပ်စုများ၊ အင်စတီကျူးရှင်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို တိုးပွားအောင်ပြုခြင်း၊ အထောက်အပံ့ပေးခြင်းများ ပြုလုပ်ကြမည့် နိုင်ငံများကို ခွင့်ပြုချက်ပေး၍ ယခုလက်ရှိကြေညာချက်တွင် မည်သည့်အရာကိုမျှ အဓိပ္ပာယ်မဖွင့်ဆိုရ။

## နောက်ဆက်တွဲ ၂ မှ နောက်ဆက်တွဲ နောက်ဆက်တွဲ

## သက်ဆိုင်ရာနိုင်ငံတကာစာချုပ်စာတမ်းများ

- အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာချက်။
- နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာနိုင်ငံတကာပဋိညာဉ်စာချုပ်။
- စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာနိုင်ငံတကာပဋိညာဉ်စာချုပ်။
- နှိပ်စက်ညှဉ်းပန်းခြင်း၊ အခြားရက်စက်သော၊ လူမဆန်သော၊လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်း၊ အပြစ်ပေးခြင်းများကို ဆန့်ကျင်သော သဘောတူညီချက်။
- ကလေးသူငယ်များအခွင့်အရေးဆိုင်ရာသဘောတူညီချက်။
- အမျိုးသမီးများအပေါ်ခွဲခြားဆက်ဆံမှုပုံသဏ္ဍာန်မှန်သမျှပပျောက်ရေးသဘောတူညီချက်။
- လူမျိုးရေးခွဲခြားဆက်ဆံမှုပုံသဏ္ဍာန်မှန်သမျှပပျောက်ရေးသဘောတူညီချက်။
- လူ့အခွင့်အရေးဆိုင်ရာဥရောပသဘောတူညီချက်၊ ဥရောပလူ့အခွင့်အရေးတရားရုံး၏ သက်ဆိုင်ရာတရားမမှုဥပဒေနှင့် ပရိုတိုကောများ။
- ဥရောပလူမှုရေးပဋိညာဉ်စာတမ်း၊ ဥရောပလူမှုရေးပဋိညာဉ်စာတမ်းထပ်မံတည်းဖြတ်မှု။
- လူ့အခွင့်အရေးနှင့် ပြည်သူများအခွင့်အရေးဆိုင်ရာအာဖရိကပဋိညာဉ်စာတမ်း။
- လူ့အခွင့်အရေးဆိုင်ရာအမေရိကန်သဘောတူညီချက်။
- စစ်ဘေးဒဏ်သင့်သူများကိုအကာအကွယ်ပေးမှုဆိုင်ရာဂျီနီဗာသဘောတူညီချက်များ၊ လက်နက်ကိုင်ပဋိပက္ခ၌ရှိသော သက်ဆိုင်ရာလူသားချင်းစာနာသော ဥပဒေ၏ ဓလေ့ထုံးစံစည်းမျဉ်းများနှင့် ပရိုတိုကောများ။
- ဒုက္ခသည်များအဆင့်အတန်းဆိုင်ရာ ၁၉၅၁ ခုသဘောတူညီချက်၊ ယင်း၏ ၁၉၆၇ ပရိုတိုကော။
- နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး၏ ရုမ်းနည်းဥပဒေသ။
- တစ်ကမ္ဘာလုံးကအသိအမှတ်ပြုထားသောလူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို အကာအကွယ်ပေးခြင်း၊ တိုးတက်အောင်ပြုခြင်းများ ပြုလုပ်ရမည့် လူ့အဖွဲ့အစည်းတွင် ရှိကြသော တစ်ဦးချင်းပုဂ္ဂိုလ်များ၊ အုပ်စုများ၊ အစိတ်အပိုင်းများ၏ အခွင့်အရေးနှင့် တာဝန်ယူမှုများဆိုင်ရာကြေညာချက်။

ဘာသာပြန်သူ= အောင်နိုင်

Translator= Aung Naing

Email=aungnaingngapudaw@gmail.com